Global Campaign Against
**Burma's 2010 Military Elections**

# ကမ္ဘာ့လုံးဆိုင်ရာ လှုပ်ရှားမှုနေ့ -- ၂၇ ရက်နေ့ မေလ ၂၀၁၀ ခုနှစ်

## မြန်မာနိုင်ငံတွင် ပြည်သူလူထုအတွက် စစ်မှန်သော ရွေးကောက်ပွဲကိုသာ အလိုရှိသည် စစ်အာဏာရှင်များ၏ ရွေးချယ်ပွဲကို အလိုမရှိ

၂၀၁၀ ခုနှစ် မေလ ၂၇[1] ရက်နေ့သည် မြန်မာနိုင်ငံ ၁၉၉၀ ရွေးကောက်ပွဲ၏ (၂၀) နှစ်မြောက်နေ့ ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာတဝှမ်းလုံးရှိ ညီညွတ်မှုပြသော (Solidarity Groups) အဖွဲ့များမှ စုစည်းပြီး ၎င်းတို့၏ သက်ဆိုင်ရာ အစိုးရ အသီးသီးအား မြန်မာပြည်သူများဘက်မှ ရပ်တည်ရန်၊ နအဖ၏ အတုအယောင် ရွေးကောက်ပွဲကို လုံးဝရှုံ့ချရန်နှင့် စစ်မှန်သော ဒီမိုကရေစီ အသွင်ပြောင်းလဲရေး ဖြစ်ပေါ်အောင် ဖိအားပေးမှုများ ပြုလုပ်စေရန်အတွက် မေလ ၂၇ ရက်နေ့ (ကမ္ဘာ့လုံးဆိုင်ရာလှုပ်ရှားမှုနေ့)တွင် တူညီသောလှုပ်ရှားမှုများဖြင့် တောင်းဆိုရန်

### နောက်ခံသမိုင်း

၁၉၉၀ ခုနှစ် မေလ ၂၇ ရက်နေ့တွင် အမျိုးသား ဒီမိုအရေစီအဖွဲ့ချုပ် (NLD) နှင့် အခြားဒီမိုကရေစီနှင့် တိုင်းရင်းသားပါတီများမှ မြန်မာနိုင်ငံရွေးကောက်ပွဲတွင် အပြတ်အသတ် အနိုင်ရရှိခဲ့ပါသည်။ စစ်အာဏာရှင်မှ ရွေးကောက်ပွဲ အနိုင်ရပါတီအား အာဏာလွှဲပြောင်းပေးမည်ဟု ကျေညာခဲ့သော်လည်း ရွေးကောက်ပွဲရလာဒ်အား အသိအမှတ်ပြုရန် ငြင်းဆန်ခဲ့ပါသည်။ စစ်အာဏာရှင်သည် အတိုက်အခံနိုင်ငံရေး သမားများကို ထောင်သွင်းအကျဉ်းချခြင်း (သို့) ပြည်ပသို့ထွက်ခွာစေရန် နည်းလမ်း အမျိုးမျိုးဖြင့် ဖိအားပေးခဲ့ပါသည်။ ယနေ့အချိန်ထိလည်း ဖိနှိပ်ချုပ်ချယ်သော အာဏာရှင်စနစ်ကို ဆက်လက်ကျင့်သုံးနေဆဲ ဖြစ်သည်။

ယခုလည်း နအဖစစ်အစိုးရသည် ဒီမိုကရေစီနည်းလမ်းကျသော ရွေးကောက်ပွဲ တစ်ရပ် ပြုလုပ်မည်ဟု ကျေညာခဲ့သည်။ သို့သော်လည်း ရွေးကောက်ပွဲ ပြင်ဆင်မှုများနှင့် လတ်တလော ထုတ်ပြန်ထားသော ရွေးကောက်ပွဲဥပဒေများအား လေ့လာခြင်းအားဖြင့် နအဖသည် ၎င်း၏စစ်အုပ်ချုပ်ရေးအား တရားဝင် ရေရှည်ခိုင်မြဲရေး အတွက်သာ ရည်ရွယ်နေကြောင်း သိသာထင်ရှားနေပါသည်။ နအဖစစ်အစိုးရမှ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားပေါင်း ၂၀၀၀ ကျော်တို့အား ဆက်လက် ထောင်ချ ထိန်းသိမ်းထားခြင်း၊ တိုင်းရင်းသားဒေသများအား ဆက်လက်တိုက်ခိုက်နေပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ

---

[1] မေလ ၂၇ ရက်နေ့ သတ်မှတ်ထာသော်လည်း အဆင်မပြေပါက မေလ ၂၇ - ၃၀ ကြား တစ်ရက်ရက်တွင် ပြုလုပ်ပါရန် (ဒီပဲယင်းအရေးအခင်း နှစ်ပတ်လည် အနေဖြင့်)

ကိုလည်း နယ်ခြားစောင့်တပ်များ အသွင်ပြောင်းလဲရန် ဖိအားပေးမှုများ ပြုလုပ်နေခြင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း အတင်းအဓမ္မ အတည်ပြုခြင်း နှင့် စစ်ဘက်မှ အရာရှိများအား အရပ်သားနိုင်ငံရေးသမားများ အသွင်ပြောင်းပြီး ရွေးကောက်ပွဲတွင် ပါဝင်စေခြင်း စသည့်လုပ်ရပ်များသည် ၂၀၁၀ ရွေးကောက်ပွဲတွင် ၎င်းတို့မှ တဖက်သတ် သေချာပေါက် အနိုင်ရရှိအောင် ရည်ရွယ်လုပ်ဆောင် နေပြီးသားဖြစ်ကြောင်း သိသာထင်ရှားပါသည်။

## ရည်မှန်းချက်

ဒီမိုကရေစီနှင့် တိုင်းရင်းသားအခွင့်အရေးများအတွက် လှုပ်ရှားနေသော အင်အားစုများမှ တောင်းဆိုထားသည့် စစ်မှန်သော အမျိုးသားပြန်လည် သင့်မြတ်ရေးအတွက် အခြေခံ လိုအပ်ချက်များ[2]အား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း မရှိလျှင် နအဖ၏ ၂၀၁၀ ရွေးကောက်ပွဲအား လုံးဝရှုံ့ချရန် နှင့် ရွေးကောက်ပွဲရလာဒ်အား အသိအမှတ် မပြုရန် ကမ္ဘာအနှံ့ အပြားရှိ လူထုများမှ လှုပ်ရှားမှုများ စီစဉ်လုပ်ဆောင်ပြီး ၎င်းတို့၏ သက်ဆိုင်ရာ အစိုးရအသီးသီး အား လှုံ့ဆော်တောင်းဆိုရန် ဖြစ်သည်။ ဤလှုပ်ရှားမှုသည် ၁၉၉၀ ရွေးကောက်ပွဲရလာဒ်ကို ဆက်လက်အသိအမှတ်ပြုမှု အထိမ်းအမှတ်ဖြစ်စေပြီး စစ်မှန်သော ဒီမိုကရေစီနည်းလမ်းကျ ပြည်သူ့ရွေးကောက်ပွဲကို တောင်းဆိုရန် ဖြစ်သည်။

## လှုပ်ရှားမှု အစီအစဉ်

- အဖွဲ့များသည် ၁) မြန်မာနိုင်ငံမှ ပြည်သူလူထု၏ ပုံရိပ်များဖြင့် ခြယ်သထားသော ပြည်သူလူထုမဲပေးစေရန် မဲပုံးကြီး ၂) မဲပြား (ပို့စ်ကဒ်ပုံစံ) ၊ ထိုမဲပြားတဖက်တွင် Real Election စာသား နှင့် Military Selection စာသား တို့ပါရှိပြီး ပြည်သူမှ ကြိုက်ရာတစ်ခု ရွေးချယ်စေရန်၊ မဲပြားနောက်ခြမ်းတွင် မိမိတို့မှ နိုင်ငံတကာ အစိုးရများအား တောင်းဆိုထားသည့် အချက်များကိုဖော်ပြထားမည် ဖြစ်သည်။ ပို့စ်ကဒ်ဒီဇိုင်းနှင့် စာသားကို ကမ်ပိန်းအတွင်းရေးမှူးအဖွဲ့ဖြစ်သော Burma Partnership မှ ဖြန့်ဝေပေးမည် ဖြစ်သည်။
- အဖွဲ့များမှ စေတနာ့ဝန်ထမ်းများသည် လာရောက်သူများကို မဲပြား (ပို့စကဒ်ပုံစံ) များ မဲပုံးထဲထည့်ခြင်းဖြင့် စစ်မှန်သော ရွေးကောက်ပွဲ (Real Election) ကို ရွေးချယ် မဲပေးမည် ဖြစ်သည်။
- အဖွဲ့များမှ သတင်းမှတ်တမ်း ဓါတ်ပုံများ၊ ဗွီဒီယိုမှတ်တမ်းများအား ကမ်ပိန်းအတွင်းရေးမှူး အဖွဲ့ (burma2010campaign@gmail.com) သို့ ပေးပို့ရန်၊ ဒေသတွင်း နှင့် နိုင်ငံတကာ မီဒီယာများကိုလည်း ပေးပို့ရန် ဖြစ်သည်။

## ရည်ရွယ်ချက်

1. မြန်မာပြည်တွင်းရှိ ရွေးကောက်ပွဲကို ဆန့်ကျင်သော အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD), ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီ အဖွဲ့ချုပ် (UNLD) နှင့် အင်အားစုများကို မိမိတို့၏ ညီညွတ်မှု နှင့် ထောက်ခံအားပေးမှု ပြသရန်

---

[2] အခြေခံလိုအပ်ချက်များဆိုသည်မှာ ၁) ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအား ချွင်းချက်မရှိ ပြန်လွှတ်ပေးရန်၊ ၂) တိုင်းရင်းသားများအား အကြမ်းဖက်မှုကို ရပ်တန့်ရန် နှင့် ၃) အားလုံးပါဝင်နိုင်သည့် တွေ့ဆုံဆွေးနွေးပွဲ နှင့်ဖွဲ့စည်းပုံအခြေခံဥပဒေအားပြန်လည်သုံးသပ်ရန် စသည့်အချက်များ

2. ဤရွေးကောက်ပွဲသည် မြန်မာနိုင်ငံအတွက် စစ်မှန်သော အဖြေမဟုတ်ဘဲ နအဖမှ ပြည်သူလူထုများကို ဆက်လက်ဖိနှိပ်ချုပ်ခြယ်ပြီး ၎င်းတို့၏ အာဏာ တည်မြဲရေးအား သေချာရန်အတွက် လုပ်ဆောင်ခြင်းပင်ဖြစ်ကြောင်း နိုင်ငံတကာ အသိုင်းအဝိုင်းအား အသိပေးရန်
3. ကမ္ဘာအနှံ့အပြား မှသတင်းမီဒီယာများ၏ စိတ်ဝင်စားမှုနှင့် ဖော်ပြမှုများ ပိုမိုရရှိရန်
4. လူစည်ကားသောနေရာ (သို့) အစိုးရအဆောက်အအုံများ၊ ပါလီမန်အဆောက် အအုံများရှေ့တွင် အများမြင်သာသော လူထုလှုပ်ရှားမှုအဖြစ် ပြုလုပ်ခြင်းဖြင့် နိုင်ငံတကာလူထု၏ အာရုံစိုက်မှု နှင့် စိတ်ဝင်စားမှု မြင့်တက်လာစေရန်
5. လက်မှတ်ထိုးထားသော ပို့စကဒ်များကို အရေအတွက် များများစုစည်းပြီး သက်ဆိုင်ရာ အစိုးရများသို့ ပေးပို့ပြီး နအဖ၏ ရွေးကောက်ပွဲအား ရှုံ့ချရန်အတွက် တောင်းဆိုရန်

**လိုအပ်သော ပစ္စည်းများ**

- ♦ မဲပုံးလုပ်ရန် ပုံးကြီးကြီးတစ်ခု
- ♦ ၁၉၉၀ ရွေးကောက်ပွဲ ဓါတ်ပုံများ၊ ဒီပဲယင်းအရေးအခင်း နှင့် ဆန္ဒပြပွဲဓါတ်ပုံများ (မဲပုံးတွင်ကပ်ရန်)
- ♦ မဲပြားပိုစ်ကဒ်များ
- ♦ သတင်းအကြံပြုချက် နှင့် ထုတ်ပြန်ကျေညာချက် နမူနာပုံစံများ
- ♦ လှုပ်ရှားမှုနှင့် သက်ဆိုင်သော အခြားကိရိယာပစ္စည်းများ (ဥပမာ - ဆိုင်းဘုတ်များ၊ ပို့စ်တာများ၊ ခေါင်းစီးများ)